## 1-4 ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ ဆောင်ရွက်ရမည့်အချက်များ

○ အောက်ဖော်ပြပါ လျှောက်လွှာတင်ခြင်း အကြောင်းကြားခြင်းများကို ဆောင်ရွက်ရန်လိုအပ်ပါသည်။ ① မှ ③ အထိ နှင့်စပ်လျဉ်း၍ နေထိုင်ခွင့်ကတ်ပြားအသစ် ထုတ်ပေးမည်ဖြစ်သည်။

① အမည်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားခံယူသည့်နိုင်ငံ(သို့)ဒေသ စသည်တို့ကို ပြောင်းလဲမည်ဆိုလျှင် ၁၄ ရက်အတွင်း အကြောင်းကြားပါ။

② ရာသက်ပန်နေထိုင်သူ (နေထိုင်ခွင့်ကတ်ပြား၏ သက်တမ်းမှာ ထုတ်ပေးသည့်ရက်မှစ၍ ၇ နှစ်အတွင်းဖြစ်သည်။) နှင့် အသက်၁၆နှစ်အောက်ဖြစ်ပြီး သက်တမ်းကုန်ဆုံးမည့်ရက်သည် ၁၆ နှစ်ပြည့်မွေးနေ့နှင့် တိုက်ဆိုင်နေပါက သက်တမ်းမကုန်ဆုံးမီအချိန်တွင် နေထိုင်ခွင့်ကတ်ပြား၏ သက်တမ်းတိုးခြင်းကို လျှောက်ထားပါ။

③ နေထိုင်ခွင့်ကတ်ပြား ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပါက ၁၄ ရက်အတွင်း နေထိုင်ခွင့်ကတ်ပြား ထပ်မံထုတ်ပေးခြင်းကို လျှောက်ထားပါ။

④ အလုပ်လုပ်ကိုင်ခွင့်ရှိသူ နှင့် ပညာတော်သင်ကျောင်းသား၊ အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်နှင့် သင်တန်းသားများသည် မိမိတို့နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းမှ အခြားအဖွဲ့အစည်းသို့ပြောင်းလဲသည့်အခါ၊ ဂျပန်နိုင်ငံသား၏အိမ်ထောင်ဘက် ရာသက်ပန်နေထိုင်သူ၏အိမ်ထောင်ဘက် စသည့် နေထိုင်ခွင့်အမျိုးအစား "အိမ်ထောင်ဘက်"ဖြင့် နေထိုင်သူသည် အိမ်ထောင်ဘက် နှင့် ကွာရှင်းခြင်း၊ သေကွဲကွဲခြင်း၊ အစရှိသည်များဖြစ်ပါက ၁၄ ရက်အတွင်း အကြောင်းကြားပါ။

○ နေထိုင်ခွင့်သက်တမ်းတိုးခြင်း နှင့် နေထိုင်ခွင့်အမျိုးအစားပြောင်းလဲခြင်း များအတွက်၊ နေထိုင်ခွင့်ကတ်ပြားအသစ်ကို ထုတ်ပေးမည်ဖြစ်သည်။